# မင်းမြတ်သူရ

## ဆားပုလင်းမင်းအောင် နှင့် အိပ်မက်ကျိန်စာ



## အခန်း(၁)

တစ်နေ့တွင် ကျွန်ုပ်သည် အင်းစိန်စီအိုင်ဒီ ရုံးမှ ပြန်လာပြီးနောက် ကျွန်ုပ်နေထိုင်ရာနေအိမ်၌ ဂန္ထလောက မဂ္ဂဇင်းစာအုပ်ကို ဖတ်ရှုနေစဉ် ကျွန်ုပ်၏ အိပ်ခန်းအတွင်းသို့ တစ်စုံတစ်ဦး ဝင်ရောက်လာသဖြင့် မော့ကြည့်လိုက်ရာ ကာလအတော်ကြာ ပျောက်ဆုံးနေသော ကျွန်ုပ်၏ မိတ်ဆွေကြီး ဆားပုလင်းမင်းအောင်ကို တွေ့လိုက်ရလေ၏ ။ ကျွန်ုပ်က ဆားပုလင်းမင်းအောင်ကို ဝမ်းသာအားရကြည့်ရှုပြီး

" ဟာ . ..ကိုမင်းအောင် ပျောက်နေလိုက်တာဗျာ၊ ကိုယ့်လူ ဘယ်ကိုများ ရောက်နေတာလဲ"

လို့ မေးမြန်းလိုက်လေ၏ ၊ ထိုအခါ ဆားပုလင်းမင်းအောင် က ကျွန်ုပ်၏ စားပွဲပေါ်သို့ အညိုရောင် စက္ကူထုပ်ကြီးတစ်ထုပ်ကို တင်လိုက်ပြီး

"ကျုပ်ဘယ်ကို ရောက်နေသလဲ ဆိုတာ သိချင်ရင် ဟောဒီ စက္ကူထုပ်ကြီးထဲမှာ ကျုပ်ရေးထားတဲ့ စာတွေကို ဖတ်ကြည့်တော့။ ဒီစာတွေထဲမှာ အလွန် ထူးခြားဆန်းကြယ်ပြီး လူသာမာန်တွေ တစ်သက်မှာ တစ်ကြိမ်တခါတောင် ကြုံဖို့မလွယ်တဲ့ အကြောင်းအရာတွေကို ဖတ်ရလိမ့်မယ်။ ကျုပ်က အိုင်ပီလို စာရေးဆရာ မဟုတ်တဲ့အတွက် စာရေး မကောင်းတာကိုတော့ သည်းခံပြီး ဖတ်ပါဗျာ"

လို့ပြောလိုက်တယ်။ ဆားပုလင်းမင်းအောင်ရဲ့ ထူးခြားတဲ့ စကား

ကြောင့် ကျွန်ုပ်က စက္ကူထုတ်ကြီးကို လှမ်းကြည့်လိုက်ပြီး

"အမယ်...ကိုမင်းအောင်ရဲ့ စကားက ဆန်းလှချည်လား၊ ဒီစာထုပ်ထဲက အကြောင်းအရာတွေက ဘယ်လောက်များ ထူးဆန်းလို့လဲ၊ ကိုမင်းအောင် ဘယ်လောက်များ စွန့်စားခန်းတွေ ဖွင့်ခဲ့လို့လဲ"

လို့ မေးမြန်းလိုက်တယ်။ ဆားပုလင်းမင်းအောင်က

"စွန့်စားခန်းဖွင့် ခဲ့တာတော့ မပြောနဲ့ ဗျို့ . . . . ကျုပ်အသက်တောင် ကံကောင်းထောက်မလို့ရှင်သန်ခဲ့တာပဲ"

လို့ ဆိုလိုက်တော့ ကျွန်ုပ်က စာထုပ်ကြီးကို အလွန် စိတ်ဝင်စား သွားပြီး

"ကိုမင်းအောင် အညွှန်းကောင်းလို့ အိမ်ရောက်တာနဲ့ စာထုပ်ကြီးကို အမြန်ဖွင့်ဖတ်တော့မယ် ဗျို့"

ဟု ပြောလိုက်လေ၏ ။ ကျွန်ုပ်သည် အမှန်တကယ်ပင် အိမ်သို့ ရောက်သည်နှင့် ကိုမင်းအောင် ကိုယ်တိုင် ရေးသားထားသော စာထုပ်ကြီးကို စိတ်ဝင်တစား ဖတ်ရှုလေ၏ ။ ကျွန်ုပ်သည် ကိုမင်းအောင် ကိုယ်တိုင် ကြုံတွေ့ခဲ့ရသော အလွန် ထူးခြားဆန်းကြယ်သည် ဆိုသော ဂမ္ဘီရ ဆန်းကြယ်ဖြစ်ရပ်များကို မယုံနိုင်စွာဖြင့် တအံ့တသြ ဖတ်ရှု နေမိ၏ ။ ထိုသို့ဖတ်ရှုရင်း ထိုအကြောင်းအရာများကို ကိုမင်းအောင် ကိုယ်တိုင် ရေးသားခြင်းမှ ဟုတ်ပါလေစွဟု ထင်မြင်မိလေ၏ ။ ကျွန်ုပ် အပွင့်လင်းဆုံး ဆိုရပါလျှင် ထိုအကြောင်းအရာများကို ယုံကြည်ရန် အလွန် ခက်ခဲနေမိ၏ ။

ဆားပုလင်းမင်းအောင် ကိုယ်တိုင် ရေးထားသည် ဆိုလို့သာ ယုံကြည်ခဲ့ခြင်းဖြစ်၏ ။ ယနေ့ခေတ်တွင် ထိုမျှ ထူးခြားဆန်းကြယ်သော

အဖြစ်အပျက်များ ရှိပါလေစွ.. မည်သို့ပင် ဖြစ်စေ ဆားပုလင်းမင်းအောင် ၏ စကားပြောဆန်ဆန် အရေးအသားသည် လွန်စွာရိုးစင်းပြီး လွန်စွာဆွဲဆောင်အား ကောင်းလှ၏။

သူ၏ ရေးဟန်၊ တင်ပြဟန် များသည်လည်း ရိုးစင်းပြီး၊ တိကျခိုင်မာလွန်းလှသဖြင့် သူ၏ အရေးအသားများကို ပြင်ဆင် ဖြတ်တောက်ခြင်း မရှိဘဲ ပကတိ အတိုင်း ပရိတ်သတ်ထံသို့ တင်ပြရန် ကြံစည်လိုက်လေ၏။ ကျွန်ုပ်၏ ချစ်လှစွာသော စာဖတ်ပရိသတ်များ အနေဖြင့်လည်း နံမည်ကျော် ဆားပုလင်းမင်းအောင်၏ အရေးအသားကို မြည်းစမ်းခွင့် ရသွားပေလိမ့်မည်။

ထို အဖြစ်အပျက်များ သည်ပင်လျှင် ဆားပုလင်းမင်းအောင် ကိုယ်တိုင် ရေးသားသော “ဆားပုလင်းမင်းအောင်နှင့် အိပ်မက်ကျိန်စာ” ဆိုသည့် ဝတ္ထုကြီး ဖြစ်ပေတော့သတည်း....

*

# အခန်း(၂)

မမြတ်လေးဟာ မြို့ပေါ်မှာ မြတ်လေး လက်ဖက်နဲ့ အကြော်စုံဆိုပြီး ဆိုင်လေး ဖွင့်ထားတယ်။ မမြတ်လေးရဲ့ ဆိုင်ကလေးဟာ မြို့ပြင်လမ်းမ ပေါ်မှာ ရှိတဲ့အတွက် အတော်အသင့် ရောင်းရပါတယ်။

သူမဟာ တစ်ကိုယ်တည်း အပျိုကြီး ဖြစ်တဲ့အတွက်လဲ ရောင်းရတဲ့ ငွေလေးနဲ့ စားလောက်ပါတယ်။

မမြတ်လေးရဲ့ ဆိုင်ကလေးမှာ လူပိုခေါ်မထားဘဲ သူမ တစ်ကိုယ်တည်းပဲ ရောင်းပါတယ်။

မမြတ်လေးဟာ ဟိုး . . . အရင်ကတော့ ဆိုင်မှာ လူငယ်လေး တစ်ယောက်ကို ကူဖော်လောင်ဖက် ဆိုပြီးခေါ်ထားဖူးပါတယ်။ ဒါပေမဲ့ လူငယ်ဟာ တစ်ယောက်ဆို တစ်ယောက် မမြတ်လေးကို မှတ်သားလောက်အောင် ပညာပေးသွားတဲ့ အတွက် မမြတ်လေးဟာ ဆိုင်မှာ လူပိုခေါ်ဖို့ အကြောက်ကြီး ကြောက်သွားပါပြီ။

အတိတ်က အကြောင်းတွေကို ပြန်မတွေးချင်လို့ မေ့ထားတာလဲ ကြာပါပြီ။ မြို့ပေါ်မှာ မမြတ်လေးဟာ ဂုဏ်သိက္ခာရှိတဲ့ မိန်းမတစ်ယောက်ဆိုတာ ကူဖော်လောင်ဖက် လူငယ်ကလွဲရင် တစ်မြို့လုံးက သိကြပါတယ်။

မမြတ်လေးလို မိန်းမ တစ်ယောက်အတွက် တစ်ယောက်တည်းနေတာ မထူးဆန်းတော့ပါဘူး။

လွန်ခဲ့တဲ့ ညက မမြတ်လေးဟာ သူမတသက်မှာ တစ်ခါဖူးမှ မကြုံဘူးခဲ့တဲ့ အထူးဆန်းဆုံး အိပ်မက်တစ်ခုကို မြင်မက်ခဲ့ပါတယ်။ မမြတ်လေးဟာ တစ်ကိုယ်တည်း နေထိုင်ဝံ့တဲ့ မိန်းမတစ်ယောက် ဖြစ်တဲ့အတွက် သတ္တိမနည်းပါဘူး။ ကိုယ့်ကိုယ် ကိုယ်လည်း ထိုက်သင့်သလောက် ယုံကြည်မှု ရှိပါတယ်။ ညကမက်ခဲ့တဲ့ အိမ်မက်နဲ့ ပတ်သက်ပြီး မေ့လျော့ဖို့ ကြိုးစားကြည့်ခဲ့ပေမယ့် ခေါင်းထဲက ထုတ်မရအောင်ဖြစ်နေမိတယ်။ ညမအိပ်မီ လက်ဖက်သုပ်က လွဲလို့ ထူးထူးခြားခြားလဲ ဘာမှ မစားမိဘူး။ နေ့လည်ပိုင်းကလဲ ဘယ်သူနဲ့မှ ထူးထူးခြားခြားအကြောင်းအရာတွေ မပြောမိပါဘူး။ ဘာကြောင့်များ ထူးခြားဆန်းကြယ်တဲ့ အိပ်မက်ကို မြင်မက် ရတာလဲ မသိဘူး။ ညက အိပ်ရာထဲကို ရောက်တာနဲ့ သူမ အိပ်ပျော်သွားခဲ့တယ်။ အိပ်ပျော်ပြီး များမကြာမီမှာ သူမဟာ တစ်ဆုံတစ်ခုရဲ့ ထိန်းချုပ်မှု အောက်ကို ရောက်သွားပြီးဘဝမှာ မြင်မက်ဖူးသမျှ အိပ်မက်တွေနဲ့ လုံးဝ ကွဲပြားခြားနားတဲ့အိပ်မက်တစ်ခုကို မြင်မက်ခဲ့တယ်။ အိပ်မက်ထဲမှာ သူမဟာ မကြုံဘူးလောက်အောင် ကြောက်ရွံ့တုန်လှုပ် နေတယ်။ အိပ်မက်ထဲမှာ သူမ တစ်ကိုယ်လုံး အင်အားကုန်ခန်းပြီး အထီးကျန် ခံစားမှုမျိုးကို ခံစားနေရတယ်။ သူမရဲ့ ခန္ဓာကိုယ်ဟာ တစ်စုံတစ်ခုရဲ့ ဆွဲဆောင်မှု နောက်ကိုလိုက်ပါသွားတယ်။ သူမဟာ ရုန်းကန်ဖို့ အစွမ်းကုန် ကြိုးစားခဲ့ပေမယ့်အင်အားကြီးတဲ့ ဆွဲဆောင်မှု နောက်ကို ကောက်ကောက်ပါအောင်လိုက်သွားနေမိတယ်။ အိပ်မက်ထဲမှာ သူမ ခန္ဓာကိုယ် ဆွဲငင်မှု နောက်ကို လိုက်ပါနေပုံကို အသေအချာ သတိပြုနေမိတယ်။ အိပ်မက်ထဲမှာသူမဟာ ချုံနွယ် ပိတ်ပေါင်းများ ထူထပ်ရာ လမ်းလေးအတိုင်းတစ်စုံတစ်ယောက်ရဲ့ ဆွဲဆောင်ရာ နောက်ကို လိုက်ပါသွားနေတယ်။ သူမဟာ အော်ဟစ် ရုန်းကန်ဖို့ကြိုးစားခဲ့ပေမယ့် ပါးစပ်က ဘာသံမှ

ထွက်မလာဘူး။

မမြတ်လေးဟာ အိပ်မက်ထဲမှာ သွားလာရင်း သစ်ခြောက်ပင်တွေကို သတိပြု မိတယ်။ သူမရဲ့ ခန္ဓာကိုယ်ဟာ တဖြည်းဖြည်း တောင်ကုန်းမြင့် တစ်ခုဆီကို ဦးတည် သွားနေတယ်။ တောင်ကုန်းကြီးရဲ့ အပေါ်မှာ အလွန်ကြီးမားတဲ့ သစ်ခြောက်ပင်ကြီး တစ်ပင် ရှိနေတာလဲ သတိပြုမိ တယ်။ မမြတ်လေးဟာ သစ်ခြောက်ပင်ကြီးကိုကြည့်ပြီး တုန်လှုပ် ချောက်ချားတဲ့ ခံစားမှုမျိုး ဖြစ်ပေါ်လာပြီး ရှေ့ကိုမတိုးဖို့ အစွမ်းကုန် ကြိုးစားပေမဲ့ သူမခန္ဓာကိုယ်ကို တစ်စုံတစ်ရာက သယ်ဆောင်သွား သလို ခံစားရပြီး အရှေ့ကို တရွေ့ရွေ့ တိုးဝင်သွားတယ်။ ရုန်းကန်လို့လဲ မရ၊ အောင်ဟစ်လို့လဲ မဖြစ်တဲ့ အခြေအနေမျိုးနဲ့ ရင်ဆိုင်နေရတယ်။ မကြာမီ သူမရဲ့ ခန္ဓာကိုယ်ဟာ တောင်ပေါ်ကို ရောက်သွားပြီး တောင်ပေါ်မှာ သချိုင်းပျက်တစ်ခု ကို မမျှော်လင့်ဘဲ တွေ့လိုက်ရတယ်။ သင်္ချိုင်းမှာ အုတ်ဂူပျက်တွေနဲ့ မြေပုံတွေကိုလည်း ချောက်ချားဖွယ် မြင်တွေ့လိုက်ရ တယ်။ သင်္ချိုင်းတစ်ခုလုံး တိတ်ဆိတ် ငြိမ်သက်နေလို့ လူသူ အရိပ်အယောင်ကို မမြင်ရပေမယ့် သင်္ချိုင်းအလယ်က ဇရပ်ပျက်ကြီးထဲ မှာ လူသူ တစ်ဦးတစ်ယောက် ရှိနေတယ်ဆိုတဲ့ ခံစားမှုမျိုးဖြစ်ပေါ်တယ်။ သူနဲ့တွေ့ဖို့လဲ မမြတ်လေးအနေနဲ့ အလွန်ကြောက်ရွံ့ နေမိတယ်။ ဇရပ်ပျက်မှာ တွေ့ရမဲ့လူကို သူဘာလို့ ကြောက်ရွံ့တုန်လှုပ်နေသလဲ မသိဘူး။ အင်မတန် ကြောက်ရွံ့ဖို့ ကောင်းတယ် ဆိုတာပဲ သိတယ်။ မမြတ်လေးရဲ့ ဘဝ မှာ အိပ်မက်တွေအ များကြီး မက်ခဲ့ဖူးပေမယ့် ယခုအိပ်မက်ရဲ့ ထူးခြားမှုကတော့ ထင်ရှား ပြတ်သားလွန်းတာပါပဲ။ အိပ်မက်ထဲမှာ မြင် တွေ့သမျှ အရာရာဟာလည်း အသေးစိတ် ကျလွန်းနေတယ်။ တစ်သက် မှာ တစ်ခါမှ အသေးစိတ် ကျတဲ့ အိပ်မက်မျိုး မမြင်မက်ဖူးသေးဘူး။ အိပ်မက်ထဲက အချိန်က ညနေခင်း နေဝင်ကာနီး အချိန်လေး ဆိုတော့

အလင်းရောင် နည်းနည်း ရှိသေးတယ်။ အလင်းရောင်နဲ့ တိတ်ဆိတ်ငြိမ်သက်လွန်းတဲ့ သင်္ချိုင်းမြေကို မြင်တွေ့ရပေမယ့် သင်္ချိုင်းအလယ်မှာရှိတဲ့ ဇရပ်ပျက် ပေါ်ကိုတော့ မမြင်ရဘူး။ ဇရပ်ပျက်ပေါ်က အရာဟာ ကြောက်ဖို့ အလွန်ကောင်းတယ် ဆိုတာကို သိတယ်။ သူဘယ်မှာလဲဆိုတာ သဲသဲကွဲကွဲ မမြင်ရဘူး။ မမြတ်လေးဟာ အိပ်မက်ထဲမှာ ဇရပ်ပျက်ပေါ်က လူကို ကြောက်ကြောက်နဲ့ စိတ်ဝင်စားနေမိတယ်။ သည်အချိန်မှာပဲ တစ်စုံတစ်ယောက်က မမြတ်လေးရဲ့ ခန္ဓာကိုယ် အရှေ့ကိုတိုးဖို့ ကြိုးစားနေလို့ မမြတ်လေးဟာ ကြောက်လွန်းလို့ တွန့်လိမ်ရုန်းကန်ရာက အသံကုန်အော်ဟစ်လိုက်ရင်း အိပ်မက်က လန့်နိုးလာတယ်။

*

# အခန်း(၃)

မမြတ်လေးရဲ့ အိပ်မက်တွေဟာ လူသာမာန်တွေ မက်လေ့ရှိတဲ့ အိပ်မက်တွေနဲ့ အကြောင်းအရာ ထူးခြားမှု သိပ်မရှိဘူး။ သို့ပေမယ့် သူ့ အိပ်မက်က ထင်ရှားပြတ်သားလွန်းလို့ ထိတ်လန့်ဖွယ် ကောင်းလွန်းတယ်။ သူမဟာ အိပ်မက်က လွတ်မြောက်လာချိန်မှာ တစ်ကိုယ်လုံး ချွေးသီးချွေးပေါက် တွေနဲ့ အလွန်မောပန်းနွမ်းနယ်နေတယ်။ မမြတ်လေးဟာ မောလွန်းလို့ သောက်ရေအိုးထဲက ရေကို ခပ်သောက်လိုက်ရတယ်။ သူမဟာ နေ့လယ်ခင်း အချိန်ရောက်တဲ့ အထိ ညက အိပ်မက်ကို အလွန်ပြတ်ပြတ်သားသား မြင်တွေ့နေရတယ်။ တကယ်တော့ အိပ်မက်တွေရဲ့ သဘောက မေ့နိုင်ပျောက်နိုင်တဲ့ သဘာဝ ရှိပါတယ်။ သို့ပေမယ့် မမြတ်လေး မက်တဲ့ အိပ်မက်ကတော့လုံးဝ ထင်ရှားပြတ်သားပြီး ဘယ်အရာမဆို အသေးစိတ် မှတ်မိ နေပါတယ်။ အလွန်ထူးခြားတဲ့ အဖြစ်ပါဘဲ။ မမြတ်လေး ဟာ အိပ်မက်မက်ပြီး နောက်တစ်နေ့မှာ မြတ်လေး လက်ဖက်နဲ့ အကြော်စုံဆိုင်လေးကို ပြန်ဖွင့်တယ်။ သူမဟာ ဆိုင်ကလေးအတွက် လိုအပ်တဲ့ လက်ဖက်ထုပ်လေးတွေကို ပြင်ရင်း သူမရဲ့ ကျန်းမာရေးကို သတိပြုမိတယ်။ ညက အိပ်ရေးပျက်လို့လား မသိဘူး၊ သည်ကနေ့ တစ်နေ့လုံး ပင်ပန်းနွမ်းနယ် နေတယ်။ ထူးခြားတာက အရင်တုန်းက တစ်ယောက်တည်း နေတတ်တဲ့ မမြတ်လေးဟာ သည်နေ့ အဖော်ကို တမ်းတနေမိတယ်။ တစ်ယောက်တည်း နေရတာ အထီးကျန်သလို ခံစားရတယ်။ သူမ တစ်ကိုယ်တည်း မနေချင်ဘူး။ အနီးမှာ တစ်ယောက်ယောက် ရှိနေရင်

ကောင်းမယ် ဆိုတဲ့ ခံစားမှုမျိုး ဖြစ်ပေါ်နေတယ်။ သည်ထက် ပိုပြီး ထူးခြားတာက အရင်တုန်းက အိပ်ရာဝင်ရတာ ကို အလွန်ခုံမင်တဲ့ မမြတ်လေးဟာ သည်နေ့တော့ အိပ်ရာ ဝင်ရမှာကို ကြောက်ရွံ့နေမိတယ်။ ညဦးပိုင်းမှာ တစ်ယောက်တည်း အထီးကျန် နေထိုင်ရမှာကိုလဲ စိုးရွံ့ နေမိတယ်။ နောက်ဆုံးမှာ အထီးကျန်တဲ့ ခံစားမှုမျိုးကို မခံနိုင်တော့တဲ့ အဆုံးမှာ သူမရဲ့ အိမ်နီးချင်း ကိုဖိုးတုတ်တို့ ဇနီးမောင်နှံရဲ့ ကုန်စုံဆိုင်ဘက်ကို ထွက်ခဲ့တယ်။

ကိုဖိုးတုတ်ရဲ့ ကုန်စုံဆိုင်ဟာ မမြတ်လေးရဲ့ ဆိုင်နဲ့ မလှမ်းမကမ်းမှာ ရှိတယ်။ ကိုဖိုးတုတ်ဟာ စိတ်သဘောထားဖြောင့်မတ်ပြီး ရိုးရိုးကုတ်ကုတ် နေတတ်လို့ သူ့မိန်းမ မကျင်ရဲ့ ဩဇာလွှမ်းမိုးမှု ကိုအတော်ခံရတယ်။ ကိုဖိုးတုတ်ရဲ့ ဇနီး မကျင်ကတော့ ယောကျာ်းရဲ့ ရိုးဖြောင့်မှုကို အခွင့်အရေးယူပြီး အနိုင်ကျင့်တတ်သူ ဖြစ်တယ်။ မကျင်ဟာ ရိုးသားတဲ့ ယောကျာ်း အပေါ်မှာ အနိုင်ယူရုံမကဘူး၊ လူတကာနဲ့ ဆက်ဆံရာမှာ သူသိသူတတ် လုပ်လွန်းလို့ သူမနဲ့ ဆက်ဆံရတာ စိတ်ပျက်စရာ ကောင်းပါတယ်။ ဒါပေမယ့် မကျင်ဟာ မမြတ်လေး အပေါ်မှာတော့ အနည်းငယ် အရာပေးပြီး အရေးတယူ ဆက်ဆံတတ်ပါတယ်။ ဒါဟာလဲ မမြတ်လေး ကွန့်ဗင့်ကျောင်းတက်ခဲ့ဖူးတာ သိနေလို့ပါ။

မမြတ်လေးဟာ ကိုဖိုးတုတ်တို့ ကုန်စုံဆိုင်ဘက်ကို ကူးလာတော့ ည ၉ နာရီလောက် ရှိနေပြီ။ သူမဟာ သည်အချိန်ထိ ညကမက်ခဲ့တဲ့ အိပ်မက်ကို သတိရပြီး မအီမသာ ဖြစ်နေတုန်းပါ။ မမြတ်လေးဟာ ထူးဆန်းတဲ့ အိပ်မက်ကို သူတစ်ပါးသိအောင် ပြောပြချင်စိတ် ရှိနေပေမယ့် မကျင်ရဲ့ မျက်နှာကို မြင်ပြီး ပြောချင်စိတ်တွေ ပျောက်သွားခဲ့တယ်။ မကျင်ဟာ သူတစ်ပါးကို နားလည်စာနာတတ်တဲ့ မိန်းမ မဟုတ်ဘူး။ မမြတ်လေးရဲ့ အိပ်မက်ကိုနားထောင်ပြီး အရေးတယူ သဘောမထားဘဲ

အရာရာ သူသိသူတတ် ပုံစံနဲ့

“ အိပ်မက်ဆိုတာ စိတ်စွဲလမ်းရင် မက်တတ်ပါတယ်။ ရှင့်ခေါင်းထဲမှာ အရေးတယူ လုပ်မနေပါနဲ့”

လို့ ပြောမှာ သေချာပါတယ်။ မမြတ်လေး ကုန်စုံဆိုင်ရှေ့ ကိုရောက်တော့ ကိုဖိုးတုတ်ဟာ ကုန်စုံဆိုင်လေးကို သိမ်းနေပြီ။ သူတို့ဆိုင်လေးဟာ သူမိတ်နဲ့ သူတော့ ရောင်းရပါတယ်။ မကျင်ကတော့ ဖျာပေါ်မှာ ထိုင်ပြီး အကြွမ်းအိုးတစ်လုံးနဲ့ ဇိမ်ကျနေတယ်။ မကျင်က မမြတ်လေးကို မြင်တော့ အပျင်းပြေ စကားပြော ဖော်ရပြီ ဆိုပြီး ဝမ်းသာအားရ ဖိတ်ခေါ်လိုက်ပါတယ်။ မမြတ်လေးဟာ လေးကန်တဲ့ စိတ်နဲ့ ဖျာပေါ်မှာ ထိုင်လိုက်တယ်။ မကျင်က

“ အကြွမ်းသောက်ပါဦး၊ ရှင့်ဆိုင်က လက်ဖက်နဲ့ပဲ ရှင့်ကို ပြန်ဧည့်ခံရတော့မှာပဲ”

ဆိုပြီး လက်ဖက်သုပ်ပန်းကန်ကို ရှေ့ထိုးပေးပါတယ်၊ တစ်ဆက်တည်း မမြတ်လေးရဲ့ မျက်နှာကို အကဲခတ်သလို ကြည့်လိုက်ပြီး

“ ဟင်.... ရှင်မျက်နှာလည်း မကောင်းပါလား၊ နေမကောင်းလို့ များလား”

လို့ မေးလိုက်တယ်။ မမြတ်လေးဟာ သူ့မျက်နှာပေါ်က ခံစားချက်ကို သူတစ်ပါး ရိပ်မိလောက်အောင်ဖြစ်နေလို့ အတော် စိတ်မကောင်း ဖြစ်သွားတယ်။ မကျင်က တစ်ဆင့်တက်ပြီး

“သေချာပါတယ်၊ ရှင့်မျက်နှာ ကြည့်ရတာ တစ်ခုခု ဖြစ်နေသလိုပဲ၊ ခေါင်းကိုက်နေလို့လား “

လို့မေးလိုက်တယ်။

မမြတ်လေးဟာ ညကမက်တဲ့ အိမ်မက်ဆိုး အကြောင်းကို ဖွင့်ပြော လု နီးပါးဖြစ်သွားတယ်။ ဒါပေမဲ့ မကျင်ရဲ့ သူတစ်ပါးကို စာနာ ထောက်ထားစိတ် ကင်းတဲ့ စိတ်ကို သတိရပြီး ပါးစပ်ကို ပိတ်လိုက်မိ တယ်။ တော်ကြာ. . .

" အမလေး . . . အိမ်မက်လေး မက်တာများ သည်လောက် ဖြစ်နေ ရသလား မမြတ်လေးရဲ့၊ ကျွန်မတို့များ သည်ထက်ဆိုးတဲ့ အိပ်မက်တွေ တောင် မက်ဖူးသေးတယ်၊ မိုးလင်းတာနဲ့ အိပ်မက်ကို သတိမရတော့ ဘူး"

လို့ဆိုပြီး မိမိကို အပြစ်တင်သလို ကြည့်မှာ မြင်ယောင်လိုက်မိတယ်။ ဒါကြောင့် မမြတ်လေးက သက်ပြင်းချပြီး

"ညတုံးက အိပ်ရေး မဝသလို ဖြစ်ပြီး ခေါင်းနည်းနည်း ကိုက်နေလို့ ပါ"

လို့ပြောလိုက်တယ်။ သည်အခါမှာ ကိုဖိုးတုတ်က ဝင်ပြီးတော့

" အပျိုကြီးတစ်ယောက် တစ်ညလုံး အိပ်ရေးမဝနိုင်ဘူး ဆိုတော့ ဘာတွေ တောင်တောင်အီအီ တွေးနေတာလဲဗျ "

လို့ဝင်ပြီး အရွှန်းဖောက် လိုက်တယ်။ လင်ကို ဆရာလုပ်ရမှ ထမင်းစားဝင်တဲ့ မကျင်ကတော့ သူ့ယောကျ်ားကို မျက်စောင်းခဲပြီး

" သူဘာသာ ဘာတွေးတွေး ရှင်နဲ့ ဘာဆိုင်လဲ၊ ကိုယ်အလုပ် ကိုယ်လုပ်စမ်းပါ"

လို့ ဝင်ကြိမ်းလိုက်တယ်။ ပြီးတော့ မမြတ်လေးဘက် လှည့်ပြီး ရောက်တက်ရာရာ စကားတွေကို မရပ်မနား ပြောတော့တာပဲ၊ သူ့

စကား အများစုက အနီးပတ်ဝန်းကျင်က လူတွေရဲ့ အတင်းအဖျင်းတွေ များတယ်။ မမြတ်လေးဟာ အရင်က ဆိုရင်တော့ သည်လို အတင်းဖျင်း မျိုးကို အချိန်ကုန်ခံပြီး နားထောင်လေ့ မရှိပေမဲ့ အခုလို အထီးကျန် ခံစားမှုမျိုး ခံစားနေချိန်မှာ မကျင်ရဲ့ အတင်းအဖျင်းတွေဟာ သူ့အတွက် ဖြေဆေးတစ်ခွက်လို ဖြစ်နေတယ်။ မမြတ်လေးဟာ ၁ နာရီ ကျော် လောက် အတင်းအဖျင်းတွေ နားထောင်ပြီး ကိုဖိုးတုတ်တို့ လင်မယား ကိုနှုတ်ဆက်ပြန်ခဲ့တယ်။ မမြတ်လေး အပြန်လမ်းမှာ အမှောင်လွှမ်းပြီး လူပြတ်နေတာနဲ့ ကိုဖိုးတုတ်က သူမကိုလိုက်ပို့ပေးတယ်။ မမြတ်လေး ဟာ သူမအပြန်လမ်းမှာ အဖော်တစ်ယောက်ပါနေလို့ အနည်းငယ် စိတ်သက်သာသလို ခံစားရတယ်။ ကိုဖိုးတုတ်က မမြတ်လေး အိမ်ရှေ့ ရောက်တော့ စက္ကူထုပ်ကလေး တစ်ထုပ်ကို ကမ်းပေးပြီး

“သည်နေ့ည အိပ်ပျော်အောင် သွေးဆေးလေး နည်းနည်း သောက် လိုက်ပါလား၊ ကျွန်တော် အိပ်မပျော်ရင်လဲ သွေးဆေးသောက်အိပ် တယ်”

လို့ပြောတယ်။ မမြတ်လေးဟာ အရင်ကဆိုရင်သွေးဆေး သောက် လေ့မရှိပေမဲ့ သူမအတွက် သည်နေ့ည အိပ်ရဖို့ သိပ်အရေးကြီးနေတဲ့ အတွက် ကိုဖိုးတုတ် လက်ထဲက သွေးဆေးထုပ်လေးကို ယူထားလိုက် တယ်။ ပြီးတော့ အိမ်ထဲကို ရောက်ရောက်ချင်း သွေးဆေးထုပ်ကို ဖောက်သောက်လိုက်တယ်။ သွေးဆေးသောက်ပြီးတာနဲ့ ဘုရားရှစ်ခိုးပြီး အိပ်ရာထဲသို့ ဝင်ခဲ့တယ်။ အိပ်ရာဝင်ခါနီး အိပ်မက်ဆိုးတွေ မမက်ပါစေ နဲ့လို့ ဘုရားမှာ ဆုတောင်းခဲ့သေးတယ်။ သွေးဆေး တန်ခိုးကြောင့်လား၊ မမြတ်လေး ဆုတောင်းပြည့်လို့လား မသိဘူး၊ သည်ည အိပ်မက်ဆိုးတွေ မမက်တော့ဘဲ မမြတ်လေး ကောင်းကောင်း အိပ်ပျော်ခဲ့တယ်။ သည်လို နဲ့ မမြတ်လေးဟာ နောက်နေ့တွေမှာလဲ အိပ်မက်ဆိုးမမက်တော့ဘဲ

ကောင်းမွန်စွာ အိပ်စက်နိုင်ခဲ့တယ်။ ဒါပေမဲ့ အိပ်မက်နဲ့ ပတ်သက်တဲ့ ပယောဂကတော့ တစ်နေ့တခြား ဆိုးလာခဲ့တယ်။ သူမဟာ မြင်မက်ဖူးတဲ့ အိပ်မက်ဆိုးကို တစ်နေ့ထက် တစ်နေ့ ပိုပိုပြီး ပီပီပြင်ပြင် မှတ်မိလာတယ်။ အိပ်မက်ဆိုးကို သူမ အာရုံထဲမှာ မှတ်မိနေသရွေ့ သူမစိတ်တွေ လေးကန်နေတယ်။ စိတ်ထဲမှာလေးကန်နေတဲ့ ဝေဒနာဟာ အလွန်ဆိုးတယ်။ မမြတ်လေးရဲ့ အာရုံထဲမှာ အိပ်မက်ထဲက အကြောင်းအရာတွေဟာ ထာဝစဉ် စိုးမိုးနေတယ်။ သူမဆိုင်အတွက် လက်ဖက်ဝယ်ဖို့ အနီးအနားမြို့ကို သွားတဲ့အခါတိုင်း အိပ်မက်ထဲက ရှုခင်းတွေကို မြင်ရလေမလား ဆိုပြီး ရှာဖွေမိတယ်။ အိပ်မက်ထဲမှာ မြင်ရတဲ့ အလွန်ခြောက်သွေ့ပြီး လူခြေတိတ်တဲ့ ဖုန်းဆိုးမြေက သင်္ချိုင်းကို တွေ့ရမလားဆိုပြီး ကားပေါ်ကရှုခင်းတွေကို ကြည့်တယ်။ လမ်းနဘေးက သစ်ပင်တွေကို အိပ်မက်ထဲက သစ်ခြောက်ပင်လေလား ထင်မှားမှတ်မိပြန်တယ်။ သည်အချိန်က စပြီး မမြတ်လေးဟာ အိပ်မက်နဲ့ ပတ်သက်ပြီး တစ်ယောက်ယောက်ကို ဖွင့်ပြောမှ ဖြစ်တော့မယ် လို့ သိလိုက်တယ်။ သူမရင်ထဲမှာ ကြာလေ သိုဖွက်ထားဖို့ ခက်လေဘဲ။

*

# အခန်း(၄)

ရင်ထဲမှာ ကြာကြာ သိုဖွက်ထားလေ သူမရဲ့ ကိုယ်စိတ် ကျန်းမာရေး ကို ထိခိုက်လေပဲ ဆိုတာရိပ်စား မိလာတာတယ်။ သို့သော် သူမ အိပ်မက် ကို ဘယ်လိုလူကို ဖွင့်ပြောရမှာလဲ၊ သူမစကားကို နားထောင်မဲ့လူက ဘယ်လောက် အလေးအနက် ထားပြီး နားထောင်ပေးမှာလဲ။ သံသယ ဖြစ်စရာပါပဲ။ မြို့ထဲက ရှေးမီနောက်မီ အဘိုးကြီး အဘွားကြီး တစ် ယောက်ကို ဖွင့်ပြောလိုက်ရင်ကော.. ဖြစ်နိုင်မယ် မထင်ချေ။ မြို့ထဲက အဘိုးကြီး၊ အဘွားကြီးတွေက အယူအဆ အစွဲအလမ်းကြီးလွန်းတယ်။ ဗီရိုထဲက ဘုတ်အုပ်ကြီးတွေကို ထုတ်ပြီး

"ဆင်ဖြူစီးရတယ် မြင်မက်မှု အကြီးအကဲဖြစ်အံ့။ စွယ်တော် မြတ် စေတီကို မြင်မက်မှု ဂုဏ်ကျက်သရေ တိုးအံ့…"

ဆိုပြီး လူတတ်ကြီးလုပ်ပြီး ဆရာ လုပ်ကြ ဦးမယ်။ မမြတ်လေးဟာ အိပ်မက်အကြောင်းကို ဖွင့်ဟပြောဆိုမဲ့ လူကိုစဉ်းစားနေတယ်။ သည် အချိန်မှာပဲ ဒေါက်တာအောင်ကျော်ရဲ့ ဂျစ်ကားလေးဆိုင်ရှေ့က ဖြတ် သွားလို့ အိပ်မက်အကြောင်းကို ဖွင့်ပြောရမဲ့သူဟာ ဒေါက်တာအောင် ကျော် ပဲလို့ တွေးလိုက်တယ်။ ဒါပေမဲ့ ဒေါက်တာအောင်ကျော်ဟာ ခေတ်ပညာတတ် တစ်ယောက်ဖြစ်လို့ သူမရဲ့ ထူးထူးဆန်းဆန်း အိပ်မက်ကို အလေးအနက် ထားမယ် မထင်မိဘူး။ နောက်ပြီး သူမမှာ ရောဂါဝေဒနာ မရှိဘဲ ဒေါက်တာအောင်ကျော်ရဲ့ ဆေးခန်းကို သွားလို့ မ ဖြစ်နိုင်ပါဘူး။ နောက်ဆုံး ဒေါက်တာအောင်ကျော်ကို သူမရဲ့ စာရင်းထဲ

က ထုတ်ပယ်လိုက်ရတယ်။

မမြတ်လေးဟာ အိပ်မက်ကို ဖွင့်ပြောဖို့ အသိမိတ်ဆွေတွေ တစ်ယောက်ပြီးတစ်ယောက် စဉ်းစားပြီးတော့ နောက်ဆုံး ဘယ်သူကိုမှ ပြောလို့မဖြစ်တော့တဲ့ အဆုံးမှာ မကျင်ကိုပဲ ဖွင့်ပြောလိုက်ရတယ်။ သည်ညက မကျင်ရဲ့ ယောက်ျား ကိုဖိုးတုတ်ဟာ မြို့ပေါ်က အသုဘတစ်ခုကို ရောက်နေတယ်။ မမြတ်လေးဟာ သူမရဲ့ အိပ်မက်ဝေဒနာကို တစ်ယောက်ယောက်ကို ဖွင့်မပြောလို့ မဖြစ်တော့တဲ့ အခြေအနေကို ရောက်နေပြီ။ ဒါကြောင့် အရဲစွန့်ပြီး မကျင်ကို ပြောဖို့ ဆုံးဖြတ်လိုက်တယ်။ မမြတ်လေးဟာ သူမရဲ့ထူးခြားတဲ့ အိပ်မက်ကို မကျင် နားလည်အောင် အတတ်နိုင်ဆုံး စကားတန်ဆာဆင်ပြီး ပြောပြခဲ့ပေမယ့် သူတစ်ပါး ဝေဒနာကို စာနာထောက်ထားစိတ် နည်းတဲ့ မိန်းမက ထုံးစံအတိုင်း အလေးအနက် မထားတဲ့ လေသံနဲ့

“သွေးလေချောက်ချားလို့ မက်တာပါ အေ၊ ကျွန်မဆီမှာ ဆရာခရဲ့ နှလုံးငြိမ်ဆေး ရှိတယ်။ ရှင်အိမ်ပြန်ရင် နှလုံးငြိမ်ဆေး ပေးလိုက်မယ်။ နှလုံးငြိမ်ဆေး သောက်အိပ်ရင် ဘာအိပ်မက်မှ မမက်တော့ဘူး။ တစ်ညလုံးအိပ်တာမှ တုံးခနဲဘဲ”

လို့ အလေးအနက် မထားဟန်နဲ့ ပြောတယ်။ မမြတ်လေး ဟာ မကျင်လို လူမျိုးကို အိပ်မက်အကြောင်းပြောမိတဲ့ ကိုယ့်ကိုကိုယ်ပဲ အပြစ်တင်ပြီး အိမ်ပြန်လာခဲ့ရတယ်။

သို့ပေမယ့် လမ်းပေါ်ကို ရောက်တဲ့အခါ သူမစိတ်ထဲက တင်းကျပ်မှုတွေ ထူးခြားစွာ ပျောက်ကွယ်သွားတာကို အံ့ဩဖွယ် သိလိုက်ရတယ်။ သည်အခြေအနေဟာ အလွန်အံ့ဩဖွယ် ကောင်းတဲ့ အခြေအနေပါ။ သုံးပတ်နီးပါး ဝေဒနာ ခံစားရတာတွေဟာ အားလုံး ပျောက်ချင်းမလှ

ပျောက်သွားပါပြီ။ ရင်ထဲမှာ လွတ်လပ်ပေ့ါပါးပြီး လန်းဆန်းတဲ့ ခံစားမှုမျိုးတွေ ဖြစ်ပေါ်လာတယ်။ ရက်ပေါင်းများစွာ မချိမဆံ့ ထမ်းပိုး ထားရတဲ့ ဝန်ထုပ်ဝန်ပိုးကြီးကို လွတ်ချလိုက်ရသလို ခံစားလိုက်ရတယ်။ ပျော်ဖို့ ကောင်းလိုက်တာ၊ အိပ်မက်ကို သူတစ်ပါးသိအောင် ဖွင့်ဟလိုက်တာနဲ့ လွတ်လပ်ပေ့ါပါး သွားလိုက်တာ... မမြတ်လေးဟာ ဝမ်းသာလွန်းလို့ ကောင်းကင်ကို မော့ကြည့်ပြီး ဟားတိုက်ရယ်မောပစ်လိုက်တယ်။ ရယ်တာ တော်တော်နဲ့ မရပ်နိုင်ဘူး။ စိတ်ထဲမှာ လေးလံထိုင်မှိုင်းတဲ့ အခြေအနေက လွတ်ကင်းပြီး ပေ့ါပါးလွတ်လပ် သွားတယ်။ ခေါင်းထဲမှာ နာကျင်ကိုက်ခဲနေတဲ့ ဝေဒနာလဲ ယူပစ်သလို ပျောက်သွားခဲ့ပြီ။ မြူတွေနဲ့ ပိတ်ဖုံးနေတဲ့ အရပ်ကို နေမင်းပေါ်ထွန်း လိုက်သလို လင်းထိန်သွားခဲ့တယ်။ သည်ညမှာ မမြတ်လေး ဟာ အိပ်ရေးဝဝ အိပ်ပျော် နိုင်ခဲ့တယ်။ မနက်မိုးလင်း အိပ်ရာကနိုးတော့ လန်းဆန်းတက်ကြွတဲ့ ခံစားမှုမျိုးကို ပြန်ရခဲ့တယ်။ အရင်ကလွတ်လပ်ပေ့ါပါးတဲ့ မမြတ်လေးဘဝကို ပြန်ရောက်သွားပါပြီ... သူမအိပ်မက်ကို မကျင်ဆိုတဲ့ မိန်းမကြီး စိတ်ဝင်တစား နားမထောင်ပေမယ့် သူမကတော့ အိပ်မက်ဆိုးရဲ့ ပယောဂက လွတ်မြောက်သွားပါပြီ။ သူမရဲ့ အိပ်မက်တွေဟာ ဆန်းကြယ်လွန်းလှတယ်။ တစ်ပါးသူကို ဖွင့်ပြောလိုက်တာနဲ့ အိပ်မက်ဆိုးရဲ့ ကျိန်စာက လွတ်မြောက်သွားခဲ့တယ်။ ကံကောင်းလှပါဘိ....

*

## အခန်း(၅)

မမြတ်လေးဟာ အရင်ကလိုပဲ လက်ဖက်ဆိုင်လေးကို တက်တက်ကြွကြွ ဖွင့်ပြီး သီချင်းလေးတအေးအေးနဲ့ အလုပ်လုပ် နေခဲ့တယ်။ သည်အချိန်မှာပဲ မမြတ်လေး ရှေ့ကို မကျောင် ရောက်လာခဲ့တယ်။ မကျောင်ရဲ့ မျက်လုံးတွေ ပြူးကျယ်နေပြီး ဆံပင်တွေလဲ ဖရိုဖရဲ ဖြစ်နေတယ်။ မကျောင်ဟာ တစ်ညအတွင်းမှာ အိုမင်းရင့်ရော် သွားသလို ရုပ်မျိုး ဖြစ်သွားတယ်။ မမြတ်လေးက မကျောင်ကို တအံ့တဩ ကြည့်ပြီး

" ဘယ်လိုဖြစ်လာတာလဲ မကျောင်ရယ်.... နေမကောင်းဘူးလား"

လို့ မေးမြန်းလိုက်တယ်။ မကျောင်က လေသံ တုန်တုန်ယင်ယင်နဲ့

" သိပ်ထူးဆန်းတယ်၊ ရှင်မက်တဲ့ အိပ်မက်နဲ့ တစ်ပုံစံတည်း တူတဲ့ အိပ်မက်ကို ကျွန်မလည်းမက်တယ်။ ဒါပေမဲ့ ကျွန်မအိပ်မက်က ရှင့်အိပ်မက်ထက် အများကြီးဆိုးတယ်။ ကြောက်ဖို့လဲ ကောင်းတယ်"

လို့ပြောတယ်။ မမြတ်လေးဟာ မကျောင်ရဲ့ အထိတ်တလန့် အမူအရာကို ဂရုမစိုက်မိဘူး။ သူမပြောဖူးတဲ့ အိပ်မက်ဆိုးကို စိတ်စွဲလမ်းပြီး မကျောင် မြင်မက်တာဖြစ်မယ်လို့ ယူဆမိတယ်။ နောက်ပြီး အိပ်မက်ဆိုးကို ကုစားနိုင်တဲ့ နည်းလမ်းကို သူမကိုယ်တိုင် ကြုံတွေ့ခဲ့ဖူးတာမို့ မကျောင်ရဲ့ ဝေဒနာအတွက် စိုးရိမ်ပူပန်ခြင်း မဖြစ်မိဘူး။ မမြတ်လေးဟာ မကျောင် မြင်မက်ခဲ့တဲ့ အိပ်မက်ဆိုးကို စိတ်ရှည်ရှည်ထားပြီး မေးမြန်းနေမိတယ်။ မကျောင်ဟာ သူမရဲ့ အိပ်မက်ဆိုးကို တိတိကျကျ ဖော်ပြနိုင်စွမ်း မရှိဘူး။ မ

မြတ်လေးဟာ သူမကြုံတွေ့ခဲ့တဲ့ အိပ်မက်ဆိုးကို အခြေခံပြီး လိမ်မာပါးနပ်စွာ မေးမြန်း ကြည့်လိုက်တော့ မကျင်ရဲ့အိ ပ်မက်က သူမရဲ့ အိပ်မက်နဲ့ ဆင်တူသလို ဖြစ်ပြီး ပိုပြီးတော့လဲ ရှည်လျားပြီး ကြောက်မက်ဖွယ် ကောင်းတာ တွေ့ရတယ်။ မကျင်ရဲ့ အိပ်မက်ထဲမှာ သူမရဲ့ အိပ်မက်လိုပဲ ချုံနွယ်ပိတ်ပေါင်းတွေ ထူထပ်တဲ့လမ်းကို ဖြတ်သန်းခဲ့ရတယ်။ မကျင်ဟာ အိပ်မက်ထဲမှာ အလွန် အထီးကျန်တဲ့ ခံစားမှုမျိုးကို ခံစားခဲ့ရတယ်။ မကျင်ရဲ့ ခန္ဓာကိုယ်ဟာ တစ်စုံတစ်ယောက်ရဲ့ ဆွဲဆောင်မှုနောက်ကို လိုက်ပါ သွားခဲ့ရတယ်။ သူမရဲ့ အိပ်မက်ထဲမှာ သစ်ပင်ခြောက်တွေလည်း ပါဝင်ပြီး ပတ်ဝန်းကျင် တစ်ခုလုံး အရောင်အဆင်း ကင်းမဲ့ကာ ခြောက်သွေ့လွန်းသော ခံစားချက်ကြောင့် အလွန် တုန်လှုပ်ချောက်ချားသော ခံစားမှုမျိုးကို ကြုံတွေ့ခဲ့ရတယ်။ မကျင်ဟာ အိပ်မက်ထဲမှာ မိမိကိုယ်မိမိ မကောင်းဆိုးဝါး ဖြစ်နေတယ်လို့ ထင်မြင်ခဲ့တယ်။ မကျင်ဟာ သင်္ချိုင်းထဲက အုတ်ဂူတွေကို မြင်တော့ ကြောက်လွန်းလို့ အကြောက်အကန် ငြင်းဆန်ခဲ့တယ်လို့ဆိုတယ်။ ဒါပေမဲ့ တစ်စုံတစ်ယောက်က အတင်းအကြပ် ဆွဲခေါ်သွားလို့ မြေပေါ်မှာ လျှောပါသွားတယ်။ မကျင်ရဲ့ အိပ်မက်ထဲမှာလဲ ဇရပ်ပျက်ကြီးကို မြင်ခဲ့ရတယ်။ ဇရပ်ပျက်ထဲမှာ တစ်စုံတစ်ယောက် ရှိနေမယ်လို့ ခံစားရပြီး အလွန်ကြောက်ရွံ့တဲ့ ခံစားချက်မျိုး ဖြစ်ပေါ်တယ်လို့ ဆိုပါတယ်။ မကျင်ရဲ့ ခန္ဓာကိုယ်ဟာ ဇရပ်ပျက်ဆီကို အလိုလို ရွေ့လျားသွားတယ်လို့ဆိုတယ်။ မကျင်ရဲ့အိပ်မက်နဲ့ မမြတ်လေးရဲ့ အိပ်မက်ကွာခြားချက်ကတော့ မကျင်ဟာ ဇရပ်ပျက်ကြီးရဲ့ ခေါင်မိုး သွပ်ပြားတွေကို တောင် အတိုင်းသားမြင်ရတယ် လို့ဆိုတယ်။ မကျင်ရဲ့ ခြေအစုံဟာ ဇရပ်လှေခါးထစ်ပေါ်ကို အလိုလို တက်မိပြီးသားဖြစ်နေတယ်။ မကျင်ဟာ ထိတ်လန့်လွန်းလို့ အသံကုန် အော်ဟစ်လိုက်မိတယ်။ သည်လို

အော်ဟစ်လိုက်ပြီးတော့ မကျင်ရဲ့ ခြေအစုံဟာ လေထဲကို မြင့်တက်သွားပြီး အိပ်ရာကလန့် နိုးလာခဲ့တယ်လို့ ဆိုတယ်။ မကျင်ဟာ အိပ်ရာက လန့်နိုးပြီး ထိတ်လန့်လွန်းလို့ ရှိုက်ကြီးတငင် ငိုယိုမိနေတယ် လို့ဆိုတယ်။ မကျင်ဟာ အိပ်ရာက လန့်နိုးလာတဲ့အထိ ခုတင်ပေါ်မှာ ရှိုက်ငိုနေမိတယ်လို့ ဆိုတယ်။ မကျင်အိပ်မက်ရဲ့ ထူးခြားမှုတစ်ခုက ဇရပ်ပျက်ထဲက တစ်စုံတစ်ယောက်က သူမကို မြွေတစ်ကောင်လို ညှို့ငင်ဖမ်းစားပြီး ဇရပ်ပေါ်ကို တက်ဖို့ ဆွဲဆောင်နေတယ် လို့ဆိုတယ်။ နောက်ဆုံးတော့ မကျင်ဟာ အိပ်ခန်းမီးခလုပ်ကို ဖွင့်လိုက်တော့မှ စိတ်ထဲမှာ သက်သာသွားသလို ခံစားရတယ်။ မကျင်ဟာ အိပ်ရာက လန့်နိုးလာချိန်မှာ အလွန် ပင်ပန်းဆင်းရဲတဲ့ ခံစားမှုမျိုး ကိုခံစားရပြီး အားအင်ကုန်ခန်းနေသလို ခံစားရတယ်။ သူမဟာ အလွန်အားငယ်ပြီး ဘာကို ထိတ်လန့်မှန်းမသိ ထိတ်လန့် နေတယ်။ သူမဟာ အလွန် စိတ်ကျပြီးသတ်သေချင်လောက်အောင် စိတ်ဆင်းရဲနေတယ်လို့ ဆိုတယ်။ နောက်ဆုံးတော့ မကျင်ဟာ အလွန်ဆိုးဝါးတဲ့ ခံစားမှုမျိုးကို တစ်ကိုယ်တည်း မခံနိုင်တော့တဲ့ အဆုံးမှာ မမြတ်လေးဆီကိုလာပြီး ရင်ဖွင့်လိုက်တာဘဲ။

*